KHRG Karen Human Rights Group

Documenting the voices of villagers in rural Burma

# မြန်မာနိုင်ငံအရှေ့ တောင် ပိုင်းဒေသတွင် ကိုပါကြီး သေဆုံးမှုသည် ဆက်လက်ဖြစ်ပေါ်နေသောပြစ်ဒဏ်မှကင်းလွတ်ခြင်းကို မီးမောင်းထိုးပြထားသည်။

ယခုလက်တလောဖြစ်ပေါ်နေသည့် မြန်မာစစ်တပ်၏ သက်ဖြတ်ခြင်းကို ခံရသောအလွတ်သတင်းထောက် အောင်ကျော်နိုင်(ခေါ်)ကိုပါကြီး ၏အမှုသည် မြန်မာနိုင်ငံအရှေ့တောင်ဘက်တွင် ပြစ်ဒဏ်ကင်းလွတ်ခွင့်ကို အဆုံးသတ်ရန်လိုအပ်ကြောင်း မီးမောင်းထိုးပြထားပါသည်ဟု ထိုဒေသတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းကို ဦးဆောင်လျှက်ရှိသော ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဖော်ပြထားပါသည်။ ကိုပါကြီး၏အသက်ခံရမှုတွင် မြန်မာ တပ်မတော်သည် ၎င်းတို့၏စစ်သားများပြစ်မှုကျူးလွန်ခြင်းအပေါ် အလေးအနက်ထားဆောင်ရွက်ပေးခြင်းမရှိသေးဘဲ လူအခွင့်အရေးချိုးဖောက်မှုကိစ္စများကို ဆက်လက်ဖြစ်ပွားကြောင်းသိသာထင်ရှားစေပါသည်။

အထောက်အထားခိုင်လုံတိကျသော မီဒီယာများ၊ အစီရင် ခံစာ ၊ တိုင်ကြားစာများနှင့် မြန်မာတပ်မတော်ထံမှ ဆင့်ခေါ်စာများတွင် ကိုပါကြီးပစ်သတ်ခံရသည့်အချိန်သည် ရွှေဝါချောင်းကျေးရွာ၊ကျိုက်မရောမြို့ နယ်တွင် ၎င်း အဖမ်းခံရပြီးနောက်ပိုင်းအောက်တိုဘာ ၄ ရက် ၂၀၁၄ တပ်ရင်းမှူးစန်းမင်းအောင် ဦးဆောင် သော ခြေမြန်တပ် ရင်း (၂၀၈) တပ်မတော် စစ်သားများ စုရုံးရာအချိန်ဖြစ်ကြောင်းသိရှိရသည်။

ကိုပါကြီးသည် တပ်မတော်စစ်သားများဖမ်းထားစဉ်အတွင်း လွတ်မြောက်ရန် အတွက် သေနတ်လုယူ၍ထွက် ပြေးစဉ်အပစ်သတ်ခံရသည်ဆိုသော အကြောင်းကို သိသာထင်ရှားစေရန်အတွက် တိကျသော သက်သေအ ထောက်အထားတစုံတရာမျှတပ်မတော်ထံမှထုတ်ပေးနိုင်ခြင်းမရှိပါ။

သမ္မတဦးသိန်းစိန်ထံမှကိုပါကြီးအသတ်ခံရမှုကိုအမျိုးသားလူ ့အခွင့်အရေးကော်မှစုံစမ်းစစ်ဆေးဖော်ထုတ်စေသည့်သ တင်းအတွက် KHRG မှဂုဏ်ယူဝမ်းမြောက်မိပါသည်။အစိုးရအနေဖြင့် ယခုအချိန်တွင် လွတ်လပ်စွာ မချွင်းမချန် နှင့် ယုံကြည်စိတ်ချနိုင်လောက်သော စုံစမ်းစစ်ဆေးဖော်ထုတ် မှုကို ပြုလုပ်ရပါမည်။

မြန်မာအစိုးရအနေနှင့် ကရင်လူမျိုးများနေထိုင်ရာဒေသတွင်း၌ အဖြစ်များလျှက်ရှိသော အကြမ်းဖက်မှုအစီရင် ခံစာ များကို လည်းထိုနည်း၎င်း ပွင့်လင်းမြင်သာသော စုံစမ်းစစ်ဆေးဖော်ထုတ်ပေးရန် အတွက် KHRG မှ မေတ္တာရပ်ခံ တိုက်တွန်းလိုက်ရပါသည်။

"ဒီကိုပါကြီး အသတ်ခံရမှုကိစ္စနဲ ့ပတ်သက်ပြီး မြန်မာအစိုးရတပ်မတော်အနေနဲ့ပြစ်ဒဏ်လွတ်ကင်းခွင့်ပေးခြင်းလိုဘဲ တခြားဘယ်အရာကိုမဆိုလုပ်နိုင်တယ်ဆိုတဲ့ ဆက်လက်လုပ်ဆောင်ခြင်းဟာတကယ့်ကို စိုးရိမ်စရာအနေနဲ့ ကျန်ရှိ နေပါသေးတယ်။ မြန်မာအစိုးရဟာ ဒီအမှုကို လုံးဝ စုံစမ်းဖော်ထုတ်ဖို့တာ ဝန်ရှိတယ်၊ ပြီးတော့ ပြစ်မှုကျူးလွန်ခြင်း ကနေ တရားမျှတမှုဆီကို ယူဆောင်သွားဖို့လိုအပ်တယ်။ထိုကဲ့သို ဘဲအခြားသော တိုင်းရင်းသားများဒေသတွင်းရှိ စစ်တပ်မှကျူးလွန်လျက်ရှိတဲ့လူ့အခွင်အရေးချိုးဖောက်မှုတွေ ဥပမာ။ သက်သေအထောက်အထားမပြဘဲ စွတ်စွဲ

တဲ့ဒီလိုကိစ္စတွေကို အစိုးရအနေနဲ့ စုံစမ်းစစ်ဆေးဖော်ထုတ်ပေးဖို့ လုံးဝတာဝန်ရှိပါတယ်.” ဟု ကရင်လူ့အခွင့်အရေးအဖွဲ့မှ ကွင်းဆင်းတာဝန်ခံ စောအဲလ်ဘာတ်မှပြောကြားပါသည်။

KHRG ၏ အောက်တိုဘာ ၂၀၁၄ တွင် တိုက်ရိုက်ထုတ်လွှင့်အစီရင်ခံချက်ဖြစ်သော ပြစ်ဒဏ်ကင်းလွတ်ခွင့်ကို တာဝန်ယူမှုဖြင့်အစားထိုးခြင်း တွင် Jan 2012 KNU နှင့် အစိုးရအပစ်ခတ်ရပ်စဲရေးစတင်ပြုလုပ်ချိန်မှစ ၍ မြန်မာနိုင်ငံအရှေ့တောင်ဘက်ရှိ လက်နက်ကိုင်အဖွဲ့အစည်းများ၏ပဋိပက္ခများ သည်များစွာသော အကြမ်းဖက်မှုများဖြစ်ပွားစေကြောင်းထင်ရှားစွာဖော်ပြထားပါသည်။ ဆယ်စုနှစ်များစွာ တစ်ခုတိုင်ရက်စက်ကြမ်းကြုတ်မှုများကိုအပြည့်အဝခံစားခဲ့ရသောမြန်မာနိုင်ငံအရှေ့ တောင်ဘက်ခြမ်းရှိအရပ်သားများအတွက်တရားမျှတမှုကိုအဓိကထားသောလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်ရန် ဤမှတ်တမ်းအစီရင်ခံစာမှ တိုက်တွန်းထားပါသည်။

မြန်မာအစိုးရအနေဖြင့်ဤကဲ့သို့သက်သေအထောက်အထားမရှိဘဲစွတ်စွဲသောအလားတူကိစ္စရပ်အားလုံးကို လွတ်လပ်၍အမှီအခိုကင်းစွာ စုံစမ်းစစ်ဆေးဖော်ထုတ်ရန် မချွင်းမချန် ရှေ့ဆောင်လမ်းပြရန်နှင့် ပြစ်မှုကျူးလွန်သူများကို တရားမျှတမှုဆီသို့ဆောင်ကျဉ်းရန်ကျွန်ုပ်တို့တိုက်တွန်းလိုက်ပါသည်။ အကြမ်းဖက်မှုကျူးလွန်သောစစ်သားများကို ပြည်တွင်းဥပဒေနှင့်နိုင်ငံတကာ ဥပဒေ၏အတိုင်းအတာနှင့်အညီ တတ်နိုင်သမျှ ပွင့်လင်းမြင်သာသောတရားစီရင်မှုပုံစံဖြင့် တရားစီရင်ရပါမည်။ “ ပြစ်ဒဏ်ကင်းလွတ်ခွင့်ကိုတာဝန်ယူမှုဖြင့် အစားထိုးခြင်း” ထိုကဲ့သို့ပြုလုပ်ရန်ကျွန်ုပ်တို့ကြိမ်ဖန်များစွာအကြံပြုထောက်ခံပေးပါသည်။

လက်နက်ကိုင်တပ်ဖွဲ့ဝင်များအားလုံးကို

- လူအခွင့်အရေးချိုးဖောက်သောစစ်သားများအားတာဝန်ခံ/ယူနိုင်မှုရှိအောင်စွမ်းဆောင်ရမည်။
- ဤကဲ့သို့အကြမ်းဖက်မှုများကိုစုံစမ်းစစ်ဆေးခြင်း၊တရားစီရင်ခြင်းများတွင်ပွင့်လင်းမြင်သာမှုရှိရမည်။
- ပြစ်မှုကျူးလွန်သူများတရားဥပဒေနှင့်အညီထိထိရောက်ရောက်အပြစ်ပေးအရေးယူရမည်။

“ဒီလိုမျိုးသတင်းထောက်ကိုသတ်ဖြတ်ခြင်း နဲ့ လူ့အခွင့်အရေးလှုပ်လျှားသူများကို လက်နက်ကိုင်တပ်ဖွဲ့ဝင်များအနေနဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်းဟာ အရပ်ဘက်လူမှုအဖွဲ့အစည်း များအား ၎င်းတို့တင်ပြချင်သော လူ့အခွင့်အရေးချိုးဖောက်မှုကိစ္စရပ်များကို မတင်ပြရဲလောက်အောင်ကြောက်ရွံ့သွားစေတယ်။ ဦးသိန်းစိန်အစိုးရက လည်းလွတ်လပ်စွာပြောဆိုခွင့်၊ပွင့်လင်းမြင်သာမှုနှင့်တရားဥပဒေစိုးမိုးရေးရှိကြောင်းအကြိမ်ကြိမ်အခါခါကတိကဝတ်ပေးခဲ့တယ်။သူထပ်ခါတလဲလဲကတိပေးထားတဲ့အတိုင်း ်းဘဲ အလေးထားဆောင်ရွက်ရမှာဖြစ်တယ်။ အကယ်လို့အစိုးရဟာဒီကိစ္စကိုအလေးနက်ထားမယ်ဆိုရင်ယုံကြည်စိတ်ချရတဲ့အခြေအနေကို အမြန်ဆုံးတည်ဆောက်ရလိမ့်မည်။ လွတ်လပ်စွာနဲ့ဘက်မလိုက်တဲ့စုံစမ်းစစ်ဆေးဖော်ထုတ်ခြင်းတွေ ပြီးတော့ပြစ်မှုကျူးလွန်တဲ့သူတွေကို သေချာအရေးယူဆောင်ရွက်မယ်ဆိုရင်လူ့အခွင့်အရေးအဖွဲ့တွေ သတင်းထောက်တွေအနေနဲ့ သူတို့ရဲ့လုံခြုံရေးအတွက်ကြောက်ရွံ့စရာမလိုဘဲဒီလိုကိစ္စတွေကိုဝိုင်းဝန်းဆောင်ရွက်နိုင်မှာဖြစ်တယ်.” ဟု KHRG စည်းရုံးလှုံ့ဆော်ရေးတာဝန်ခံဝေလေးမှပြောကြားခဲ့ပါသည်။

၁၉၉၂ တွင် စတင်တည်ထောင်ခဲ့သော ကရင် လူ့အခွင့်အရေးအဖွဲ့သည် လွတ်လပ်သော အဖွဲ့အစည်းတခုဖြစ်ပြီး ဒေသခံပြည်သူများအနေဖြင့် တွေ့ကြုံခံစားနေရသောအဖြစ်အပျက်များနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို

စုဆောင်းမှတ်တမ်းယူနိုင်စေရန်သင်တန်းပို့ချခြင်းနှင့်လိုအပ်သည့်အထောက်အကူပစ္စည်းများပံပိုးပေးလျှက်ရှိသည်။ထို့ အပြင်ရရှိသည့်သတင်းအချက်လက်များကိုဖြန့်ဝေပေးခြင်းနှင့်လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်လျှက် ရှိသည်။ရွာသားများ၏ နည်းဗျူဟာများ ပိုမိုကောင်းမွန်စေရန် ၎င်းတို့နှင့်ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်မှုများ လုပ်ခြင်း ဖြင့် မြန်မာပြည်ရှိ လူ့အခွင့်အရေးအခြေအနေပိုမိုတိုးတက်ကောင်းလာစေရန်ကြိုးပမ်းလျှက်ရှိပါသည်။

လွန်ခဲ့သောနှစ်များတွင် KHRG သုတေသနပြုသူများ ကျယ်ကျယ်ပြန့်ပြန့် ရေးသားထားသောအတင်း အဓမ္မ စေခိုင်းခြင်း၊ရွာများနှင့်ကောက်ပဲသီးနှံများကိုနည်းစနစ်တကျဖျက်ဆီးခြင်း၊အတင်းအကျပ်နေရာရွှေ့ပြောင်းခိုင်းခြင်း ၊လိင်ပိုင်းဆိုင်ရာကိုယ်ထိလက်ရောက်စော်ကားမှုအစရှိသည့်တို့ကိုမြန်မာနိုင်ငံအရှေ့ တောင်ဘက်တွင် လက်နက် ကိုင်တပ်ဖွဲ့ အဖွဲ့အစည်းများမှ ကျူးလွန်ကြကြောင်းသိရှိရပါသည်။


မြန်မာဘာသာစကားဖြင့်ဆက်သွယ်လိုပါက
နော်အယ်သော
+၉၅ (၉)၃၀၂၂၀၀၈၄

ကရင်နှင့်အင်္ဂလိပ် ဘာသာစကားဖြင့်ဆက်သွယ်လိုပါက
ဝေလေး
+၆၆(၈)၁၁၆၆၈၄၈၂